

# တို့ရဲ့အာဃာတတွေ

Sanitsuda Ekachai

ကျမတို့ရဲ့ အသားအရောင်တွေ ဘယ်လိုပဲရှိပါစေ၊ သေပြီး ပုပ်လာတဲ့အချိန်မှာတော့ ကြည့်ရတာ အတူတူပါပဲ။ အဲဒါကို ဝပ်ရင်ရောင် (Wat Yanyao)● က ပြန့်ကျဲနေတဲ့ အလောင်းတွေက ကျမတို့ အသက်ရှင်နေတဲ့သူတွေကို ပြောနေပါတယ်။ ဒါဆိုရင် ကျမတို့က လူမျိုးကွဲပြားမှုတွေကို ဘာလို့များ ဒီလောက် အလေးပေးနေကြတာပါလဲ။

ကျမတို့တွေ ဘယ်လောက်ပဲချမ်းသာ ဘယ်လောက်ပဲဆင်းရဲပါစေ၊ ကျမတို့ချစ်တဲ့သူတွေ ဆုံးရှုံးသွားရတဲ့အဖြစ်ကတော့ ကျမတို့နှလုံးသားတွေကို အတူတူပဲ လွှမ်းမိုးခံစားစေခဲ့ပါပြီ။ အဲဒီလို တူညီနေတဲ့အတွက် ဒီဇင်ဘာ (၂၆) ရက်နေ့ ဆူနာမိဒဏ် ခံခဲ့ကြရတဲ့ သားကောင်တွေ အသက်ရှင်ကျန်ရစ်သူတွေဟာ ကူညီထောက်ပံ့မှုတွေကို ညီတူညီမျှ မခံယူထိုက်ဘူးလားရှင်။

ဝမ်းနည်းစရာပါပဲ။ ထိုင်းအာဏာပိုင်တွေက အဲဒီလိုမထင်ကြပါဘူး။ မြန်မာပြည်ကလာပြီး အလုပ်လုပ်နေကြတဲ့ အလုပ်သမားတွေအပေါ် အဲဒီလို မစဉ်းစားခဲ့ကြပါဘူး။

ကျမတို့ထိုင်းလူမျိုးတွေ ဆူနာမိသားကောင်တွေ အထူးသဖြင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်တွေအပေါ်မှာ ကျမတို့ရဲ့ ရက်ရောမှုတွေကို ပုံအောပေးအပ်ပြနေတဲ့အချိန်မှာ အင်ဒမန်ကမ်းရိုးတန်းကို လှုသတ်လှိုင်းကြီးတွေ ရိုက်ခတ်လို့ ကျမတို့လိုပဲ မိသားစုတွေ ဆုံးရှုံးခဲ့ကြ၊ ဝင်ငွေရနေတဲ့အလုပ်အကိုင်တွေ မဲ့ကျသွားခဲ့ကြရတဲ့ သနားစရာကောင်းလှတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ ဘဝအခြေအနေတွေကို ကျမတို့တိုင်းပြည်က လုံးလုံးလျားလျားကိုပဲ လျစ်လျူရှုခဲ့ပါတယ်။

ကျမတို့လိုပဲ သူတို့ရဲ့ဘဝတွေ ကွဲကျေပျက်စီးခဲ့ကြပါတယ်။ ဒါပေမယ့် ကျမတို့က သူတို့တွေ သေကျေပျက်စီး ဆုံးရှုံးမှုတွေကို အသိအမှတ်မပြုခဲ့ကြပါဘူး။ သူတို့ကို ကယ်ဆယ်ရေး ကူညီထောက်ပံ့မှုတွေ မပေးကြပါဘူး။ ပိုဆိုးတာက ဆူနာမိဘေးသင့်ပြီး အသက်ရှင်ကျန်နေခဲ့တဲ့သူတွေကို မြန်မာနိုင်ငံရဲ့ မရေရာလှတဲ့ဘဝထဲ ပြန်ပို့ပြီး ကျမတို့က အပြစ်ပေးခဲ့ကြတာပါပဲ။ မြန်မာနိုင်ငံက သူ့နိုင်ငံသားတွေကို ပြန်ပြီးလက်ခံဖို့ ငြင်းပယ်ခဲ့တဲ့နိုင်ငံပါ။

ကျမတို့ ဘယ်လိုဖြစ်လာကြတာပါလဲ။

ရနောင်း၊ ဖန်ငါ၊ ဖူးကက်၊ ခရာဘီ၊ ဆတန်းနဲ့ Yrang ဒေသတွေက ငါးဖမ်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ရာဘာနဲ့ တခြားကုန်ထုတ်လုပ်ငန်းတွေမှာ မှတ်ပုံတင်ပြီး အလုပ်ကြမ်းလာလုပ်နေကြတဲ့ အလုပ်သမားတွေ (၁၂၀,၀၀၀) ကျော်ရှိပါတယ်။ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ တကယ့်အရေအတွက်ဟာ အဲဒီကိန်းဂဏန်းရဲ့ အနည်းဆုံး နှစ်ဆလောက်ရှိနိုင်ပါတယ်။

အဲဒီနေရာတွေကို ဆူနာမိရေလှိုင်းကြီးတွေ ရိုက်ခတ်ခဲ့တဲ့အချိန်မှာ အဲဒီအလုပ်သမားတွေ ထောင်နဲ့ချီပြီး သေကျေပျက်စီးခဲ့တယ်လို့ ယူဆရပါတယ်။ အသက်ရှင်ကျန်သူစာရင်းအရ ဖန်င တနေရာထဲမှာတင်ပဲ ပျောက်ဆုံးနေတဲ့သူ အနည်းဆုံး (၁,၀၀၀) လောက် ရှိပါတယ်။

အဲဒီအသက်ရှင်ကျန်ရစ်သူတွေက Wat Yanyao က အမျိုးအမည် မဖော်ပြနိုင်တဲ့ သေဆုံး သူတွေထဲမှာ သူတို့တွေရဲ့ ချစ်ခင်တွယ်တာသူတွေ လူမသိသူမသိ လဲလျောင်းနေကြဆဲဖြစ်တယ်လို့ ယုံကြည်ထားကြပါတယ်။ ဒါပေမယ့် သေဆုံးနေကြတဲ့ အလောင်းတွေကို သွားပြီးကြည့်ရှုစစ်ဆေး ပြီး အလောင်းတွေကို ပြန်သယ်ယူဖို့ကျတော့လည်း ဖမ်းပြီးပြန်ပို့ခံရမှာ သိပ်စိုးရိမ်ကြောက်လန့် ကြတဲ့အတွက် မသွားရဲကြပါဘူး။

အဲဒီအကြောက်တရားဟာ တကယ်လည်း ရှိထိုက်ပါတယ်။ စာနယ်ဇင်းတွေနဲ့ အမျိုးသား ရေးဝါဒီ သမိုင်းရဲ့ကျေးဇူးကြောင့် သာမန်ထိုင်းပြည်သူလူထုတွေက မြန်မာတွေကို သူတို့ရဲ့ တချိန် က ကြီးကျယ်ခမ်းနားတဲ့ မြို့တော်ကြီးကို ဖျက်ဆီးခဲ့ကြတဲ့ ရက်စက်ကြမ်းတမ်းပြီး မယုံကြည်ထိုက် သူတွေအဖြစ် သဘောထားပြီး အာဃာတတရား နက်နက်ရှိုင်းရှိုင်း ထားခဲ့ကြပါတယ်။ တခါ အခု အချိန်မှာလည်း ကျမတို့ရဲ့ အလုပ်နေရာတွေကို ခိုးယူနေကြ၊ သူတို့ရဲ့ အလုပ်ရှင်တွေကို လုယက် တိုက်ခိုက်ကြတဲ့သူတွေ၊ ကူးစက်ရောဂါတွေ ပြန့်ပွားအောင် လုပ်နေကြတဲ့သူတွေလို့ မြင်နေကြပါ တယ်။

ဆူနာမိရေလှိုင်းကြီးတွေ ရိုက်ခတ်ပြီးခါစမှာပဲ စေတနာ့ဝန်ထမ်း ကယ်ဆယ်ရေးလုပ်သား တယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်ပေးနေတဲ့ ရုပ်ရှင်သရုပ်ဆောင်တယောက်က စာနယ်ဇင်းတွေ ကို သူမြင်ခဲ့ရတဲ့ ခိုးယူလုယက်သူတစုဟာ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေလို့ သူ သံသယရှိတဲ့ အကြောင်း ပြောခဲ့ပါတယ်။ အဲဒီသံသယလေးဟာပဲ မြန်မာတွေအပေါ်မှာ ထားရှိတဲ့ အာဃာတ တရားကို နိုးထလာစေခဲ့တာဖြစ်ပါတယ်။

အဲဒီသံသယတွေကို အတည်ပြုနိုင်အောင် ရဲကလည်း မြန်မာအလုပ်သမားတစုကို ခိုးယူ လုယက်မှုတွေနဲ့ စွပ်စွဲဖမ်းဆီးခဲ့ပါတယ်။ သတင်းစာတွေက အဲဒီအလုပ်သမားတွေဟာ ကြေကွဲ ဝမ်းနည်းစရာ ဒီလိုအချိန်မှာ ကျမတို့ကို တခါထပ်ပြီး ထိုးနှက်တိုက်ခိုက်ဖို့ ကြိုးစားခဲ့ကြတယ်လို့ တင်ပြခဲ့ကြပါတယ်။

စွပ်စွဲခံရသူတွေကို သူတို့ရဲ့အခြေခံရပိုင်ခွင့်ဖြစ်တဲ့ တရားရုံးကို တင်ရမယ့်အစား ချက်ချင်း လိုလိုပဲ မြန်မာပြည် ပြန်ပို့ခဲ့ကြပါတယ်။ ပြီးတာနဲ့ အာဏာပိုင်တွေဟာ အရေးပေါ်အခြေအနေ အတွင်းမှာ နောက်ထပ်ဖြစ်လာနိုင်တဲ့ ရာဇဝတ်မှုတွေကို ကာကွယ်ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ရွှေ့ပြောင်းအလုပ်သမားတွေကို စပြီး ဝိုင်းဝန်းစီးနင်းခဲ့ကြပါတယ်။

အဲဒီအလုပ်သမားတွေဟာ တရားဝင်မှတ်ပုံတင်ထားတဲ့ အလုပ်သမားတွေဖြစ်ပြီး ထိုင်း အလုပ်သမားတွေလိုပဲ တူညီတဲ့ ကူညီထောက်ပံ့မှုတွေကို ရရှိခံစားထိုက်သူတွေ ဖြစ်နေမလား ဆိုတာမျိုး ဘယ်သူကမှ ဂရုတစိုက် မလုပ်ခဲ့ကြပါဘူး။ တကယ်လို့ ပြန်ပို့လိုက်မယ်ဆိုရင် သူတို့ တွေရဲ့ အတိဒုက္ခတွေကို ပိုပြီး ဆိုးဝါးသွားစေမလားဆိုတာလည်း ဘယ်သူကမှ ဂရုမစိုက်ခဲ့ကြပါ ဘူး။ မြန်မာနိုင်ငံရောက်ရင် သူတို့တွေ အန္တရာယ်များတွေ့မလား ဆိုတာလည်း ဘယ်သူမှ ဂရုမစိုက်ခဲ့ ကြပါဘူး။

ဒေသတွင်း NGO တွေရဲ့ အဆိုအရ ရွှေ့ပြောင်းအလုပ်သမား (၁,၀၀၀) ကျော်ကို ပြန်ပို့ခဲ့ ပြီးဖြစ်တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံက ကော့သောင်က သူတို့ကိုလက်ခံဖို့ ငြင်းပယ်လိုက်တဲ့ အချိန်မှာ တာဝန်ရှိပုဂ္ဂိုလ်တွေက သူတို့ကို အနားကကျွန်းတွေပေါ်မှာ သူတို့ရဲ့ပစ္စည်းတွေနဲ့ ဒီအတိုင်း ထားပစ်ခဲ့တယ်လို့ ဆိုပါတယ်။

ပြန်ပြီးအပို့မခံရအောင် အသက်ရှင်ကျန်ရစ်တဲ့ အလုပ်သမားအတော်များများဟာ တောင်တွေပေါ်ကို ထွက်ပြေးခဲ့ကြပြီး အစာရေစာ ငတ်ပြတ်ခဲ့ကြသလို ကြောက်ရွံ့ထိတ်လန့်နေကြရပါတယ်။ အဲဒါကြောင့်ပဲ တချို့က တောင်ပေါ်ကပြန်ဆင်းလာပြီး ခိုးယူလုယက်ခဲ့ကြတာများ ဖြစ်လေမလား။

ရွှေ့ပြောင်းအလုပ်သမားတွေကို ပြန်ပို့တာကို ထိုင်းအတော်များများက သဘောတူညီခဲ့ကြပါတယ်။ အရေးပေါ်အခြေအနေမှာ ရှားရှားပါးပါးရရှိထားတဲ့ အထောက်အပံ့တွေကို ထိုင်းတွေပဲ ရရှိခံစားသင့်တယ်လို့ သူတို့က ဆိုပါတယ်။

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်တွေကတော့ ထိုင်းနိုင်ငံရဲ့ ရက်ရောမှုကို လက်ခုပ်သြဘာ ပေးကောင်း ပေးကြပါလိမ့်မယ်။ ဒါပေမယ့် ကျမတို့ရဲ့ အိမ်နီးချင်းတွေက သူတို့ရဲ့ သားသမီးတွေနဲ့ မြေးမြစ်တွေကို ပြန်ပြောပြမယ့် ကျမတို့ ထိုင်းတွေအကြောင်း ဇာတ်လမ်းတွေကတော့ အကောင်းပြောစရာ အများကြီး နည်းပါးပါလိမ့်မယ်။

အဲဒါတွေဟာ လူမျိုးရေးခွဲခြားမှု၊ ရက်စက်မှု၊ နှလုံးသားကင်းမဲ့မှုဇာတ်လမ်းတွေ ဖြစ်ပါလိမ့်မယ်။ သဘာဝကပ်ဘေးသင့်မှုကြီးက ဘဝရဲ့ ခဏပန်းသဘော လူသားဘဝတူညီမှုနဲ့ အာဃာတ တရားရဲ့ အကျိုးမဲ့မှုတွေကို မီးမောင်းထိုးပြပေးခဲ့တာတောင်မှ ပျောက်ပြယ်မသွားနိုင်လောက်အောင် နက်ရှိုင်းတဲ့ အာဃာတ တရားတခုရဲ့ ဇာတ်လမ်းတွေပဲ ဖြစ်နေပါလိမ့်မယ်။ ■

13th Jan 2005 နေ့ထုတ် Bangkok Post သတင်းစာမှ လက်ထောက်အယ်ဒီတာ Sanitsuda Ekachai ရဲ့ 'Do our Prejudices Know no bounds?' ကို စိုးနေလင်း ဘာသာပြန်ပါသည်။ ■

- **ဆူနာမိကြောင့် သေဆုံးခဲ့ရသူများ၏ အလောင်းများ ခေတ္တထားရာ ဖန်ငခရိုင်ရှိ ဘုရားကျောင်း။**